**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၀.၅၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၂၈-၂-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် ရွှာသစ်ကြီးလေ့လာရေးခရီးစဉ်။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ငှင်းအတိုင်း။ ဦးစောစိန်ထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ငှင်းအတိုင်း။ ဦးစောဘီစံသိန်းမြင့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ငှင်းအတိုင်း။ ဦးငွန်ပေား၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ငှင်းအတိုင်း။ ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ငှင်းအတိုင်း။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ငှင်းအတိုင်း။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ငှင်းအတိုင်း။ ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ငှင်းအတိုင်း။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ငှင်းအတိုင်း။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ငှင်းအတိုင်း။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းအစည်းအဝေး။ ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသအလိုက် နိုင်ငံရေးဆွေးနွေးပွဲတက်ရောက်ရန်။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းအစည်းအဝေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ငှင်းအတိုင်း။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဥပဒေအထူးကော်မရှင်အစည်းအဝေး။ ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းအစည်းအဝေး။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ငှင်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ငှင်းအတိုင်း၊ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဆိုင်ရာငြိမ်းချမ်းရေးညီလာခံတက်ရောက်ရန်။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်သူ့ငွေစာရင်းပူးပေါင်း

အစည်းအဝေး။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတက်ရောက်ရန်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ပြည်သူ့ငွေစာရင်းပူးပေါင်း အစည်းအဝေး။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးချုပ်သက်ထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးနေမျိုးကျော်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးမောင်မောင်ငြိမ်း၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးဇဝန၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်းနှင့် ဗိုလ်မှူးဇော်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၄၂)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၄၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇာဒီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်း က တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇာဒီအခြေခံပညာအထက်တန်းကျောင်း(ခွဲ) အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တကွ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ မေးခွန်းမှာပါရှိတဲ့ ဇာဒီအထက်တန်းကျောင်း(ခွဲ)ဟာ လက်ရှိ စာသင်ကြားနေတဲ့ကျောင်းသားဦးရေဟာ မူလတန်းအဆင့်(၄၄၄)ဦး၊ အလယ်တန်းအဆင့် (၃၉၆)ဦးနဲ့

အထက်တန်းအဆင့် (၂၀၁)ဦး၊ စုစုပေါင်း ကျောင်းသားဦးရေ(၁၀၄၁)ဦးရှိပြီး ကျေးရွာပတ်ဝန်းကျင်ရှိ မူလွန်ကျောင်း (၃)ကျောင်း၊ မူလတန်း(၂)ကျောင်းနဲ့ မူလတန်းကျောင်း(ခွဲ) (၂)ကျောင်းတို့မှ အထက်တန်း အဆင့် ပညာလာရောက်သင်ကြားရာ ကျောင်းလည်းဖြစ်ပါတယ်။ ဇာဒီရွာဟာ ရွာကြီး(၁)ရွာဖြစ်ပြီး ကျေးရွာအုပ်စုတွင် အိမ်ခြေပေါင်း(၁၂၄၃)အိမ်ရှိကာ လူဦးရေ(၆၁၇၆)ယောက် နေထိုင်လျက်ရှိတဲ့ အတွက် နှစ်စဉ် တိုးပွားလာတဲ့လူဦးရေနဲ့အညီ ကျောင်းသား၊ ကျောင်းသူများ တိုးပွားလာမှုအပေါ် အ ခြေပြုပြီး အမှန်တကယ် အထက်တန်းအဆင့်လိုအပ်တဲ့ကျောင်းလည်း ဖြစ်ပါတယ်။ ဇာဒီကျောင်းဟာ ပင်မအထက်တန်းကျောင်းရှိရာ ကံပေါက်အထက်တန်းကျောင်းမှ (၁၀)မိုင်ခန့် ကွာဝေးပြီး ခရီးလမ်း ကြမ်းခြင်းနဲ့ ကျောင်းသားများရဲ့နေထိုင်စားသောက်ရေးကိစ္စ ခက်ခဲမှုရှိခြင်းအတွက်ကြောင့်လည်းကောင်း၊ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးဖွင့်လှစ်သင့်ပြီး အထက်တန်းကျောင်းဖြစ်လာပါက ပတ်ဝန်းကျင် ရွာများမှ (၆)ကျောင်းအပြင် (၃)မိုင်ခန့်ကွာဝေးသော ပယကျေးရွာရှိ အလယ်တန်းကျောင်း(၁)ကျောင်းနဲ့ မူလတန်းကျောင်း(၂)ကျောင်းတို့မှ ကျောင်းသားများဟာလည်း အထက်တန်းပညာကို လာရောက် သင်ကြားကြမှာဖြစ်ပါတယ်။

ကျောင်းမြေဧရိယာအကျယ်မှာလည်း (၃.၄၀)ဧကကျယ်ဝန်းပြီး ကျောင်းအားကစားကွင်း နေရာရှိခြင်း၊ ထပ်မံတိုးချဲ့ဆောက်လုပ်ရန် မြေနေရာအလုံအလောက်ရှိခြင်း၊ လက်ရှိကျောင်းဆောင်များ အနေဖြင့် တစ်ထပ်ကျောင်းဆောင်(၆)ဆောင်နဲ့ နှစ်ထပ်ကျောင်းဆောင်(၁)ဆောင် ရှိခြင်းတို့ကြောင့် အဆောက်အဦ လုံလောက်မှုရှိခြင်း၊ ကျေးရွာမိဘများကလည်း ပညာရေးစိတ်ဝင်စားလိုလားကြတဲ့ အတွက်ကြောင့် ကျေးရွာမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်တို့ကလည်း ကျောင်းအတွက် လိုအပ် ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိတဲ့အပြင် ပတ်ဝန်းကျင်ဒေသများကပါ အထက်တန်း ပညာကို ပြီးဆုံးအောင်သင်ယူလိုခြင်းတို့ ရှိတဲ့အတွက်ကြောင့် အခြေခံပညာအထက်တန်းဖွင့်လှစ်ခွင့် ရှိရန် ဆန္ဒပြင်းပြလျက်ရှိကြပါတယ်။

ဒီ့အပြင် ကျောင်းပညာရေးနှင့်ပတ်သက်ပြီး အမျိုးသားလွှတ်တော် အစည်းအဝေးများမှာ လည်း ပြည်ထောင်စုဝန်ကြီး ပညာရေးဝန်ကြီးရဲ့ဖြေကြားချက်အရ အထက်တန်းကျောင်းသားဦးရေ (၂၀၀)နှင့်အထက်ရှိပါက အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့် ဖွင့်လှစ်ပေးမည်ဟု ဖြေကြားချက်အရ ဒေသပြည်သူများက ယုံကြည်မျှော်လင့်ခြင်းနှင့်အတူ အထက်တန်းအဆင့် ကျောင်းသားဦးရေ(၂၀၁)ဦးရှိပြီး ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုနှင့်တကွ လိုအပ်ချက်များကို ကျေးရွာလူထုမှ ပူးပေါင်းဖြည့်စွက်ရန် အဆင်သင့်ရှိသော ဇာဒီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုး ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိကို ဒေသခံပြည်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဥပမိရုပ်မကောင်းသော စာသင်ကျောင်း(၃)ကျောင်း၌ ကျောင်းဆောင်သစ်(၁)ဆောင်စီ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် က ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဥပမိရုပ်မကောင်းသော စာသင်ကျောင်း (၃)ကျောင်း၌ ကျောင်းဆောင်သစ်(၁)ဆောင်စီ ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။**　　။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဥပမိရုပ်မကောင်းသော စာသင်ကျောင်း (၃)ကျောင်းနှင့်စပ်လျဉ်း၍ အသစ် ဆောက်လုပ်ခွင့်ရရှိရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြမေးမြန်းခွင့် တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နိုင်ငံတော်မှ ဖွင့်လှစ်သင်ကြားပေးသော စာသင်ကျောင်းများ အဆင့်မီဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ အဆိုပါ စာသင်ကျောင်းများမှာ ဥပမိရုပ်သာမက အန္တရာယ်ရှိပြိုကျပျက်စီးမည့်အဆင့်သို့ ရောက်ရှိနေပါတယ်။ အနာဂတ်နိုင်ငံတော်အတွက် မျိုးဆက်သစ်များ မွေးထုတ်ပေးရန် အဓိကကျသောနေရာမှာ စာသင်ကျောင်းများပင် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ကလေးများအားလုံး အဆင့်မီစာသင်ကျောင်းများအဖြစ် ပညာသင်ကြားနိုင်စေရန် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော်မြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်မည့်အစီအစဉ် ရှိ/မရှိ၊ လောက်ကိုင်မြို့နယ်၊ ကြာစီရှူးကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိနှင့် လောက်ကိုင်မြို့နယ် ပေါက်ပေါက်ကျိုင်းအခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်မှု အစီအစဉ်များကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်၌ တရားဥပဒေစိုးမိုးမှု ယိမ်းယိုင်ပျက်ပြားနေခြင်းအပေါ် အနာဂတ်တွင် ထိန်းသိမ်းပြုပြင် ပြောင်းလဲနိုင်ရန်အလို့ငှာ မျိုးဆက်သစ် အထက်တန်းကျောင်းများတွင် စာမေးပွဲမစစ်သည့် အပို ဘာသာရပ်အဖြစ် ဥပဒေအခြေခံဘာသာရပ်သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံးတစ်ချိန် သတ်မှတ်၍ လက်တွေ့ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များကို သင်ကြားပို့ချ ပေးစေနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး က နိုင်ငံတော်၌ တရားဥပဒေစိုးမိုးမှု ယိမ်းယိုင်ပျက်ပြားနေခြင်းအပေါ် အနာဂတ်တွင် ထိန်းသိမ်း ပြုပြင်ပြောင်းလဲနိုင်ရန်အလို့ငှာ မျိုးဆက်သစ် အထက်တန်းကျောင်းများတွင် စာမေးပွဲမစစ်သည့် အပို ဘာသာရပ်အဖြစ် ဥပဒေအခြေခံဘာသာရပ် သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် သတ်မှတ်၍ လက်တွေ့ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များကို သင်ကြား ပို့ချပေးစေနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို အနာဂတ် တရားဥပဒေစိုးမိုးတဲ့နိုင်ငံတော်ကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းကြပါစို့လို့ ဆုတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံသားတွေဟာ ခေတ်အဆက်ဆက်မှာ တရားဥပဒေရဲ့အခွင့်အရေးတွေ၊ တာဝန်တွေကို မသိနားမလည်ခဲ့ကြလို့ တရားဥပဒေစိုးမိုးမှု ယိမ်းယိုင်ပျက်ပြားခြင်းနဲ့အတူ နည်းမျိုးစုံ၊ ပုံစံမျိုးစုံနဲ့ နစ်နာခဲ့ကြတာကို နမူနာအဖြစ် ပထမဦးဆုံး တင်ပြလိုပါတယ်။ ကျွန်တော်တို့ ချစ်တီးကုလားကို ငွေနည်းနည်းလေး ချေးမိရာကနေပြီးတော့ လယ်တွေ၊ ကျွဲတွေ၊ နွားတွေအပြင် ကြောက်ကြောက်နဲ့ သမီးပါ ထိုးအပ်ခဲ့ရတာတွေ ကျွန်တော်တို့သိပြီး ဖြစ်ပါတယ်။ ဒီအတိုင်းပဲ ငါ လွှတ်တော်အမတ်ဆိုပြီးတော့ စင်ပေါ်မှာကနေတဲ့ အငြိမ့်မင်းသမီးကို တက်ဆွဲခဲ့တာတွေ၊ မီးခွက်မှုတ်တဲ့ဇာတ်လမ်းတွေဟာလည်း ရှိခဲ့ ပါတယ်။ ဒီအတိုင်းပဲ ဆန်ကို ကားစီးလုံးတိုက် မှောင်ခိုချတဲ့လူကိုကျတော့ ဒဏ်ငွေရိုက်ပြီးတော့ ရထား လမ်းပေါ်ကျတဲ့ ဆန်စေ့လေးတွေ လိုက်ကောက်စားနေရတဲ့သူကိုကျတော့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်ရမယ်ဆိုပြီးတော့ အသံကောင်းဟစ်ပြီးတော့ ထောင်ချခဲ့တာတွေလည်း ရှိခဲ့ပါတယ်။

တစ်ခါ ဒီဘက်ခေတ်မှာလည်း မုဒိမ်းကျင့်ခံရတဲ့သူက ကြောက်ကြောက်နဲ့ ကုတ်မိတဲ့အတွက်ကို တရားစွဲခံရတယ်ဆိုတဲ့ ဇာတ်လမ်းမျိုးတွေလည်း ရှိခဲ့ပါတယ်။ တစ်ခါ သူခိုးမိရင် ဝိုင်းရိုက်လို့ရတယ် ဆိုတဲ့ အယူအဆအလွဲတွေလည်း ရှိခဲ့ပါတယ်။ ကုမ္ပဏီပိုင်ရှင်၊ အသင်းအဖွဲ့ဥက္ကဋ္ဌမျိုးဖြစ်နေတာ တောင်မှ ပြစ်မှုမြောက်တဲ့အပြောအဆို အပြုအမူတွေ လုပ်နေကြတာတွေလည်း တွေ့ရမှာဖြစ်ပါတယ်။ တိုင်းပြည်မှာ တာဝန်ကြီးကြီးယူထားရပါလျက်နဲ့ ပြစ်မှုဖြစ်တဲ့ နယ်လှည့်ပါးရိုက်မယ်လို့ ဂုဏ်ယူပံ့ကြွားစွာ

အပြောအဆို လွဲနေတာတွေလည်း သိကြပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ ရန်ကုန်လေဆိပ်မှာ ဦးကိုနီကို ကြိုတင်ကြံရွယ်ချက်နဲ့ လုပ်ကြံသတ်ဖြတ် အကြမ်းဖက်မှုဟာ သိန်း(၂၀၀)ရဖို့လို့သိရပါတယ်။ အကယ်၍သာ သေဒဏ်ကျခံရမယ်ဆိုတာ သူသိနေရင်၊ သိန်း(၂၀၀)လည်း သုံးရမှာမဟုတ်မှန်းသိနေရင် ဒီပြစ်မှုတွေဟာ ဖြစ်ချင်မှ ဖြစ်လာမှာပါ။ အဲဒီတော့ ဒါတွေဟာ ဥပဒေရဲ့အခွင့်အရေးတွေ၊ တာဝန်တွေကို အခြေခံဗဟုသုတကလေးတောင် မရှိကြလို့ကတစ်ကြောင်း၊ တာဝန်ရှိတဲ့သူတွေက အဂတိ လိုက်စား ကြတာကတစ်ကြောင်းနဲ့ အာဏာရှင်စနစ်ဆိုးရဲ့ဥပဒေကို တလွဲအသုံးပြုခဲ့ကြတဲ့ အကြောင်းတွေကြောင့်၊ အကြောင်းကြောင်းတွေကြောင့် ဒီ တရားမျှတမှုကင်းမဲ့တဲ့ အခြေအနေမျိုးတွေ ပေါ်ပေါက်ခဲ့ရတာ ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့အားလုံး သိကြမှာဖြစ်ပါတယ်။

ပြည်သူတွေဟာ တရားဥပဒေတွေရဲ့ အခွင့်အရေးတွေနဲ့ တာဝန်တွေကို သိနေကြရင် မိမိတို့ရဲ့ အခွင့်အရေးတွေကို တောင်းဆိုနိုင်မယ်၊ တောင်းဆိုတတ်မယ်ဖြစ်သလို အုပ်ချုပ်သူတွေ၊ တာဝန်ရှိသူ တွေရဲ့ တာဝန်ပျက်ကွက်မှုတွေ၊ မတရားမှုတွေကိုလည်း ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရင်းနဲ့ လူအများ သိအောင် ထောက်ပြပြီးတော့ ရင်ဆိုင်နိုင်ကြမှာဖြစ်ပါတယ်။ အမှန်တရားရယ်၊ တရားမျှတမှုရယ်၊ တရားဥပဒေရယ် (၃)ခုကို ကိုင်ပြီးတော့ ရင်ဆိုင်နိုင်ကြရင် တရားဥပဒေစိုးမိုးမှု အားကောင်းလာမှာ ဖြစ်ပါတယ်။ ပြည်သူများကို ဒီလိုတရားဥပဒေရဲ့ အခွင့်အရေးတွေနဲ့ တာဝန်တွေကို သိရှိကြအောင် လုပ်ပေးကြခြင်းအားဖြင့် ယိမ်းယိုင်နေတဲ့ တရားဥပဒေစိုးမိုးမှုကိုလည်း ထိန်းသိမ်းပြုပြင် ပြောင်းလဲ နိုင်မှာဖြစ်ပါတယ်။ NLD ပါတီအပါအဝင် ပါတီတွေ၊ ကျွန်တော်တို့ NGO တွေ၊ INGO တွေ၊ လူမှုရေး အဖွဲ့အစည်းတွေအနေနဲ့ ဟောပြောပွဲတွေ၊ သင်တန်းတွေ၊ ဟောပြောပို့ချမှုတွေ များစွာရှိခဲ့ပေမယ့်လည်း သန်းပေါင်းများစွာသော နိုင်ငံသားများအတွက် ဆင်ပါးစပ်နှမ်းပက်သလိုသာ ကျွန်တော်တို့ ထိရောက်မှု အင်မတန်အားနည်းခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ အထက်တန်းကျောင်းများမှာ သိပ္ပံမှူးတင် တို့လို သိပ္ပံဆိုင်ရာ ဟောပြောချက်တွေ၊ ဒေါက်တာအောင်ခင်ဆင့်တို့လို ကျား၊ မ သဘာဝ၊ မူးယစ်ဆေးဝါး ဟောပြောပွဲတွေဟာ အနာဂတ်နိုင်ငံတော်အတွက် အင်မတန်ထိရောက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိခဲ့ရပါတယ်။

ဒါကြောင့်မို့လို့ ယနေ့ အထက်တန်းကျောင်းတွေမှာ တစ်ပတ်(၁)ကြိမ် Hall ခန်းမကြီးထဲမှာ ကျွန်တော်တို့နိုင်ငံအတွက်၊ တစ်နိုင်ငံလုံးအတွက် ဒီလို ဥပဒေအခြေခံအကြောင်းတရားတွေကို သင်ရိုး သတ်မှတ်ပြီးတော့ ကျွန်တော်တို့ လက်တွေ့ဥပဒေနယ်ပယ်က တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ ရှေ့နေရှေ့ရပ်တွေကနေပြီးတော့ ဟောပြောပို့ချပေးနိုင်ခဲ့မယ်ဆိုရင် အနာဂတ် ကျွန်တော်တို့နိုင်ငံတော် အတွက် တရားဥပဒေရဲ့ အခွင့်အရေးတွေနဲ့ တာဝန်သိတဲ့ မျိုးဆက်သစ်တွေ ပေါ်ပေါက်လာပြီးတော့ ကျွန်တော်တို့ရဲ့ ယိမ်းယိုင်ပျက်ပြားနေတဲ့ တရားဥပဒေစိုးမိုးမှုကို ပြန်လည်ပြုပြင် ထိန်းကျောင်း တည့်မတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ တရားဥပဒေစိုးမိုးမှုကို ထိန်းသိမ်းတည့်မတ်နိုင်ဖို့အတွက် အနာဂတ်မှာ မျိုးဆက်သစ်အထက်တန်းကျောင်းများမှာ စာမေးပွဲ မစစ်တဲ့ အပိုဘာသာရပ်အဖြစ် ဥပဒေအခြေခံဘာသာရပ် သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံး တစ်ကြိမ်လောက် သတ်မှတ်ပြီးတော့ လက်တွေ့ဥပဒေနယ်ပယ်က ဥပဒေပညာရှင်များကို သင်ကြား

ပို့ချပေးနိုင်စေခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းများတွင် ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းများတွင် ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ဂါရဝပြုပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဖလမ်းမြို့နယ်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းများတွင် ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးသိတဲ့အတိုင်းပဲ မူလွန်ကျောင်းဆိုတာက ဒီအလယ်တန်းနှင့် အထက်တန်းကျောင်းမရှိတဲ့ အချို့နေရာတွေမှာ (၅)တန်းကနေ (၇)တန်းထိတက်လို့ရအောင် စီစဉ်ပေးတဲ့ကျောင်းပဲ ဖြစ်ပါတယ်။ ဒီလိုမျိုးကျောင်းကို ကျွန်တော်တို့ ချင်းပြည်နယ်မှာ (၂၂၃)ကျောင်း ရှိပြီးတော့ ဒီ(၂၂၃)ကျောင်းမှာ ဆရာ၊ ဆရာမများ ခန့်ထားနိုင်မှုဟာ (၁၁၃)ယောက်ပဲရှိပါတယ်။ ကျွန်တော်တို့ ကျောင်းတစ်ကျောင်းမှာ အတန်း(၃)တန်းရှိပါတယ်။ အဲဒီအတန်း(၃)တန်းအတွက် ဆရာ၊ ဆရာမ (၃)ယောက်ခန့်ထားဖို့ မဆိုထားနဲ့ ကျောင်း(၂၂၃)ကျောင်းရှိတဲ့အနက်မှာ ဆရာ၊ ဆရာမ (၁၁၃)ယောက်ပဲ ခန့်ထားနိုင်ပါတယ်။ ဆိုတော့ကာ ကျွန်တော်တို့ ကျောင်းရှိပေမယ့် ဆရာ၊ ဆရာမ လုံးဝမရှိတဲ့ကျောင်းက တစ်ဝက်ခန့် ရှိတယ်ဆိုတာကို လေ့လာတွေ့ရှိပါတယ်။ ဒီလိုမျိုးနေရာတွေမှာ မိဘပြည်သူများက ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ခန့်ထားပေးတာဖြစ်ပါတယ်။

တချို့ကျောင်းတွေမှာ လုံးဝမငှားနိုင်တဲ့ကျောင်းတွေလည်း ရှိပါတယ်။ မိမိမဲဆန္ဒနယ်ဖြစ်တဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်မှာ ကွင်းဆင်းလေ့လာတဲ့အချိန်မှာလည်း မူလွန်ကျောင်းများမှာ ဆရာ၊ ဆရာမ လိုအပ်ချက်အား ဒေသခံပြည်သူလူထုများမှ တင်ပြတောင်းဆိုလာကြပါတယ်။ အဆိုပါ မူလွန်ကျောင်းများတွင် ပဉ္စမတန်းမှ သတ္တမတန်းအထိ ပညာသင်ကြားပြသမည့် ဆရာ၊ ဆရာမများ ခန့်ထားခြင်း မရှိသည့်ကျောင်းများလည်း ရှိပါတယ်။ အဆိုပါကျောင်းများ၌ ပညာသင်ကြားနေတဲ့ ကျောင်းသားများသည် သင်ကြားပြသပေးတဲ့ ဆရာ၊ ဆရာမ မရှိတဲ့အတွက်ကြောင့် ပညာတတ်မြောက်ရန် အခွင့်အလမ်း မရှိပါဘူး။ အဲဒါကြောင့် အလယ်တန်းအဆင့်၌ပင် ကျောင်းထွက်ကြရတာတွေ့ရပါတယ်။

ဒါကြောင့် အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာတတ်သူများဖြစ်လာရန် အခွင့်အလမ်း လွန်စွာနည်းပါးနေသဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ မူလွန်ကျောင်းများတွင် ဆရာ၊ ဆရာမများ

တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ကြယ်ပွင့်ပြမေးခွန်းကို လွှတ်တော်ကနေ တစ်ဆင့် မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကွဲခြံကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး (၁၃၀ x ၃၀ x ၂၄)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ)မောင်တူး က မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကွဲခြံကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး (၁၃၀ x ၃၀ x ၂၄)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အားလုံး မင်္ဂလာပါ ခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ(ခ)မောင်တူး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းချင်တာကတော့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကွဲခြံကျေးရွာ၊ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး (၁၃၀ x ၃၀ x ၂၄)ပေ နှစ်ထပ် ကျောင်းဆောင်သစ်အား ဆောက်လုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကွဲခြံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်ဟာ ၁၉၂၉ ခုနှစ်ကတည်းက တည်ဆောက်ထားသော ကျောင်းဆောင်ဖြစ်ပါတယ်။ ကျောင်းသားဦးရေ(၇၆၉)ဦးရှိပြီး ကျောင်းဆောင် နှင့် ကျောင်းသားဦးရေ မညီမျှတော့ပါ။ (၈၇)နှစ်ကြာမြင့်ပြီဖြစ်သော အဆိုပါ ကျောင်းဆောင်အား ကျေးရွာသူ၊ ကျေးရွာသားများ၏ ငွေကြေးဖြင့်သာ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့ရပါတယ်။ ယခုအခါ နှစ်ပေါင်းကြာမြင့်ပြီဖြစ်၍ ကျောင်းခေါင်မိုးများပျက်စီးနေခြင်း၊ ကျောင်းအတွင်းအပြင် နံရံများ ကွာကျနေခြင်း၊ ကြမ်းခင်းများလည်း ပျက်စီးနေပြီး၊ ဒိုင်းများ၊ ဆင့်များလည်း ခြစားနေပါပြီ၊ တံခါးပေါက်များပျက်စီးနေပြီး ဝရန်တာများ၊ လက်ရန်းများ၊ လှေခါးများလည်း ခါရန်း ပြုတ်ထွက်နေပါသည်။ အောက်ခြေတိုင်များလည်း ပြုတ်ထွက်နေပြီး၊ တိုင်များလည်း ပြတ်တောက်နေပြီး အင်္ဂတေမှာလည်း ပါဝါကုန်ခမ်း၍ ကွာကျနေပါသည်။ ထိုသို့ ပျက်စီးမှုများကိုလည်း ဓာတ်ပုံမှတ်တမ်းများနှင့်တကွ တင်ပြ ထားပြီး ဖြစ်ပါတယ်။ ကျောင်းပေါ်တွင် လမ်းလျှောက်သည့်အခါ တုန်ခါနေပြီး ပြိုကျတော့မည်ကဲ့သို့ ကျွန်တော် ကိုယ်တိုင်ခံစားသိရှိခဲ့ရပါတယ်။ အချိန်အခါမရွေး ပြိုကျတော့မည့်အန္တရာယ်နှင့်လည်း

ရင်ဆိုင်နေကြရပါသည်။ စာသင်ကြားနေသည့် ကျောင်းသူ၊ ကျောင်းသား၊ ဆရာ၊ ဆရာမများသည်လည်း စိုးရိမ်ကြီးစွာဖြင့် စာသင်ကြားနေရပါသည်။ ထို့အတွက်ကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနဆီသို့ ကျေးရွာသူ၊ ကျေးရွာသားများ၏ကိုယ်စား ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်ပါရန် မေးခွန်းမေး တောင်းခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ရှေးဦးစွာ မေတ္တာပို့သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ကျွန်တော် ဦးဝင်းမော်ထွန်း က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ တနင်္သာရီတိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟန်ဝင်းသိန်း ရဲ့ မေးခွန်းဖြစ်တဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇာဒီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ရေးနှင့်ကိုက်ညီသော အခြေခံပညာ(၉၃၇)ကျောင်း၊ ကိုက်ညီမှုရှိရန် လိုအပ်သေးသော်လည်း ဖြေလျှော့ဆောင်ရွက်ပေးခဲ့သော အခြေခံပညာကျောင်းပေါင်း (၂၃၇၅)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၃၃၁၂)ကျောင်းကို အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါကြောင်းကို ရိုသေစွာ တင်ပြအပ်ပါတယ်။

အဆိုပါ အဆင့်တိုးမြှင့်မှုတွင် ရေဖြူမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ) (၁)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၂)ကျောင်း၊ စုစုပေါင်း အခြေခံပညာ(၄)ကျောင်းတို့ ပါဝင်ခဲ့ပြီး ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ အတိုင်းပဲ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်း (Sanction) အဆင့်တိုးမြှင့်ရန် သတ်မှတ်ချက်မှုမှာ အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၂၀၀)ဦး ရှိရမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇာဒီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သက်တမ်းမှာ (၃)နှစ်ရှိခဲ့ပြီဖြစ်ပြီး စုစုပေါင်း

အထက်တန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူ(၂၀၁)ဦး ရှိပါတယ်။ လောလောဆယ်မှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ဆောင်ရွက်ပြီးသည်ဖြစ်တဲ့အတွက် အထက်တန်းပညာကို သင်ယူခွင့် ရရှိနေကြောင်းလည်း တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ဇာဒီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် သတ်မှတ်ချက်နဲ့ ကိုက်ညီမှုရှိပါသဖြင့် လာမယ့်ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုးမြှင့်ပေးခြင်း ဆောင်ရွက်ချိန်မှာ အမှုတွဲတည်ဆောက်တင်ပြလျှောက်ထားစေပြီး သတ်မှတ်မူဘောင်များနှင့်အညီ စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်နီနိုင် ရဲ့ မေးခွန်းဖြစ်သော ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဥပမိရုပ် မကောင်းသော စာသင်ကျောင်း(၃)ကျောင်း၌ ကျောင်းဆောင်သစ်(၁)ဆောင်စီဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေလျာထားချက်များအရ ဆောင်ရွက်ရာမှာ အသစ်တည်ဆောက်ရန်လိုအပ်သော အခြေခံပညာအထက်တန်းကျောင်းများကို အန္တရာယ်ရှိကျောင်းများ၊ ဥပမိရုပ် မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန် လိုအပ်သောကျောင်းများ၊ သိပ္ပံဆောင်လိုအပ်သောကျောင်းများ၊ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန်လိုအပ်သော ကျောင်းများစသည်ဖြင့် လုပ်ငန်းအဆင့်ခွဲခြားထားပြီး မြို့နယ်အလိုက် ဦးစားပေးအဆင့်သတ်မှတ်ပြီး စနစ်တကျ ပြုစုဆောင်ရွက်ခဲ့ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေ ဆောင်ရွက်ရန် ငွေကျပ်(၇၃)သန်း လျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင်၊ ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် (၁၂၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်၊ (၆၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်နှင့် (၁၄၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင် စုစုပေါင်း(၃)ဆောင်ရှိပြီး ဧရိယာအားဖြင့် (၇၆၈၀)စတုရန်းပေရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ချက်များအရ ကျောင်းသား(၁)ဦး စာသင်ကြားရန် မူလတန်းအဆင့်တွင် (၁၂)စတုရန်းပေ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တွင် ကျောင်းသား(၁)ဦးအတွက် (၁၈)စတုရန်းပေ ရရှိစေရန် သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြပါကျောင်းမှာ မူလတန်းအဆင့်သင်ကျောင်းသား(၂၅၃)ဦး၊ အလယ်တန်းအဆင့်သင်ကျောင်းသား(၄၈)ဦး၊ အထက်တန်းအဆင့်သင်ကျောင်းသား(၈)ဦး စုစုပေါင်းကျောင်းသား(၃၀၉)ဦးရှိပြီး လိုအပ်ချက် စာသင်ခန်းဧရိယာအနေဖြင့် (၄၀၄၄)စတုရန်းပေ လိုအပ်ကြောင်း တွေ့ရပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့်

အထက်တွင်ဖော်ပြထားသည့်အတိုင်း ဦးစားပေးအစီအစဥ်များအရ ကျောင်းများတွင် ကျောင်းဆောင်သစ် (၁)ဆောင် ဆောက်လုပ်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဥ် အောက်၌ တတိယဦးစားပေးအနေနဲ့သာ လျာထားနိုင်ခဲ့ပါတယ်။ သို့သော် လျာထားချက် ပြည့်မီခြင်း မရှိတဲ့အတွက် ယခုနှစ်မှာတော့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

လောက်ကိုင်မြို့နယ်၊ ကြာစီရှူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှာ (၆၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်၊ (၆၀ x ၃၀)ပေ သွပ်မိုး၊ ပျဥ်ကာ တစ်ထပ်ဆောင် စုစုပေါင်း(၂)ဆောင် ရှိပြီး စာသင်ခန်းဧရိယာ (၂၈၈၀)စတုရန်းပေ ရှိပါတယ်။ ထိုကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ (၁၁၇)ဦးရှိပြီး ၎င်းတို့အတွက် လိုအပ်ချက်မှာ (၁၄၀၄)စတုရန်းပေသာ လိုအပ်တဲ့အတွက် ပြည့်စုံမှု ရှိကြောင်း တင်ပြပါတယ်။ ဒါ့အပြင် တင်ပြပါကျောင်းမှာ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများ စာရင်းပေးသွင်းထားတာမရှိကြောင်း တွေ့ရှိရပါတယ်။

လောက်ကိုင်မြို့နယ်၊ ပေါက်ပေါက်ကျိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် (၆၀ x ၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်(၃)ဆောင်ရှိပြီး ဧရိယာအားဖြင့် (၄၃၂၀)စတုရန်းပေ ရှိတာကို တွေ့ရှိရပါတယ်။ ထိုကျောင်းမှာ ကျောင်းသား၊ ကျောင်းသူ(၂၀၀)ဦးရှိတဲ့အတွက် လိုအပ်ချက်မှာ (၁၉၂၀)စတုရန်းပေ လိုအပ်သည့်အတွက် စာသင်ခန်းနှင့် ကျောင်းသားဦးရေ ဧရိယာ လုံလောက်ချက် အရ လုံလောက်မှုတစ်ခုရှိပါကြောင်း တင်ပြအပ်ပါတယ်။

ယခုအခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထားချက်များကို အထက်တွင် ကျွန်တော်တင်ပြထားသည့်အတိုင်း ဦးစားပေး အစီအစဥ်များအလိုက် လျာထားပြီး သက်ဆိုင်ရာဌာန အဆင့်ဆင့်သို့ တင်ပြပြီးဖြစ်ပါတယ်။ ထိုသို့ ရန်ပုံငွေလျာထားချက်တင်ပြမှုများတွင် လောက်ကိုင်မြို့နယ်၊ ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကြာစီရှူးကျေးရွာ အခြေခံပညာမူလတန်းကျောင်းနဲ့ ပေါက်ပေါက်ကျိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့အတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ငွေလုံးငွေရင်းရန်ပုံငွေ လျာထားမှုမရှိသေးပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ပြည်နယ်အစိုးရ၏ စီမံကြီးကြပ်မှု၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရန် ဦးစားပေး အစီအစဥ်အရ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ မေးခွန်းဖြစ်တဲ့ နိုင်ငံတော်၌ တရားဥပဒေစိုးမိုးမှု ယိမ်းယိုင် ပျက်ပြားနေခြင်းအပေါ် အနာဂတ်တွင် ထိန်းသိမ်းပြုပြင် ပြောင်းလဲနိုင်ရန်အလို့ငှာ မျိုးဆက်သစ် အထက်တန်းကျောင်းများတွင် စာမေးပွဲ မစစ်သည့် အပိုဘာသာရပ်အဖြစ် အခြေခံဥပဒေ ဘာသာရပ် သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံးတစ်ချိန် သတ်မှတ်၍ လက်တွေ့ ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များမှ သင်ကြားပို့ချပေးရန် အစီအစဥ် ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့် စပ်လျဥ်း၍ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနသည် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များကို အခြေခံပညာအဆင့်မှ အဆင့်မြင့်ပညာအဆင့်ထိ သင်ယူမှုအခွင့်အလမ်းရရှိအောင် စီမံကိန်းများ ချမှတ်၍ အမျိုးသားပညာရေးဥပဒေပါ အမျိုးသားပညာရေးရည်မှန်းချက်(၉)ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီရည်မှန်းချက်များမှာ အနာဂတ် မျိုးဆက်သစ်များကို ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်၊ လူ့အခွင့်အရေးဆိုင်ရာစံနှုန်းများဖြင့် ဥပဒေကို လေးစားလိုက်နာသော နိုင်ငံသားများဖြစ်လာစေရေးအတွက် လေ့ကျင့်ပြုစု ပျိုးထောင်ရန်ဟု သတ်မှတ်ပြီး ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနသည် ယခုပညာသင်နှစ် ၂၀၁၆-၂၀၁၇ မှစ၍ ပညာရေးဖွဲ့စည်းပုံစနစ်သစ်အရ KG+12 ကို အမျိုးသားပညာရေးဥပဒေ ၂၀၁၄ ခုနှစ်နှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၁၅ ခုနှစ်တို့နှင့်အညီ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ပြောင်းလဲပြင်ဆင်ထားတဲ့ ပညာရေးဖွဲ့စည်းပုံစနစ်သစ်အရ သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့် ကျောင်းသုံးစာအုပ်အသစ်များ၊ ဆရာကိုင်လက်စွဲများကို ပြုစုဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိ အခြေခံပညာအထက်တန်းအဆင့်မှာ ကျောင်းသား၊ ကျောင်းသူများကို ဘာသာတွဲ (၈)မျိုးဖြင့် ရွေးချယ်သင်ကြားခွင့်ပြုထားသော်လည်း သိပ္ပံဘာသာတွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝ)၊ ဝိဇ္ဇာဘာသာတွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီ၊ သမိုင်း၊ ဘောဂ)နှင့် ဝိဇ္ဇာ+သိပ္ပံဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂ၊ ရူပ၊ ဓာတု) စသည့် ဘာသာတွဲ(၃)တွဲကိုသာ လူငယ်အများစုက ရွေးချယ်သင်ကြားကြတာကို လေ့လာတွေ့ရှိရပါတယ်။ စာမေးပွဲ စစ်ဆေးခြင်းမပြုသော အခြားတွဲဖက်သင်ရိုးဝင်ဘာသာများဖြစ်တဲ့ စာရိတ္တပညာ၊ လောကနီတိ၊ ဂီတ၊ ပန်းချီ၊ ကာယ၊ ဘဝတွက်တာသိမှတ်စရာ အစရှိသည့် ဘာသာရပ်များကိုလည်း နဝမတန်းတွင် သင်ကြားပေးလျက်ရှိပါတယ်။

လက်ရှိ အခြေခံပညာအထက်တန်းကျောင်း သင်ရိုးမှာလည်း အခြေခံဥပဒေဘာသာရပ်တစ်ခု မဟုတ်သေးသော်လည်း နိုင်ငံ့သားကောင်းများ မွေးထုတ်နိုင်ရေးအတွက် နိုင်ငံသားများ၏ အခွင့်အရေး၊ နိုင်ငံသားရပိုင်ခွင့်များ၊ နိုင်ငံသားများမှ လိုက်နာဆောင်ရွက်ရမည့်တာဝန်၊ ဒီမိုကရေစီအခြေခံများ၊ နိုင်ငံသားများလိုက်နာကျင့်သုံးရမည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ၊ လူ့အခွင့်အရေးဆိုင်ရာအခြေခံများကို စာရိတ္တနှင့် လောကနီတိ၊ သမိုင်းဘာသာရပ်နှင့် အခြားဆက်နွယ်သော ဘာသာရပ်များတွင် ထည့်သွင်းပေါင်းစပ်သင်ကြားပေးသည့်နည်းတူ သင်ရိုးသစ်တွင်လည်း ထည့်သွင်းနိုင်ရန် စီစဉ်ထားရှိပါတယ်။ ဥပဒေဘာသာရပ်သည် ခက်ခဲနက်နဲသည့်ဘာသာရပ်ဖြစ်သည့်အတွက် အခြေခံပညာအဆင့်တွင် သင်ကြားမှုပြုမည့်အစား ဥပဒေပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် တက္ကသိုလ်အဆင့်၌သာ ဥပဒေဘာသာအထူးပြုအဖြစ် ထည့်သွင်းသင်ကြားရန် ဆောင်ရွက်လျက်ရှိပါတယ်။ သင်ကြားမယ့်သူ ဥပဒေပညာရှင်များ ဆောင်ရွက်နိုင်မှုနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ပေါင်းစပ်ဖြေကြားမှုမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လက်အောက်ခံဥပဒေရုံးအဆင့်ဆင့်တွင် ဥပဒေအရာရှိများခန့်ထား၍ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများပါ

အတိုင်း လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တချို့သော မြို့ကြီးများတွင် မြို့နယ်ဥပဒေအရာရှိ(၁)ဦး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ(၃)ဦးမှ (၄)ဦးအထိရှိသော်လည်း အချို့သောမြို့များတွင် မြို့နယ်ဥပဒေအရာရှိ(၁)ဦးကိုသာ ခန့်ထားနိုင်ပါကြောင်း တင်ပြထားတာ ရှိပါတယ်။

ဥပဒေအရာရှိများအနေဖြင့် သက်ဆိုင်ရာဒေသရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းများကို ဥပဒေရေးရာအကြံပြုချက်များပေးခြင်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ တရားစွဲအဖွဲ့အစည်းများကို တရားစွဲမတင်မီ ဥပဒေအကြံဉာဏ်ပေးခြင်း၊ တရားရုံးတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ဥပဒေရုံး၏ စီမံခန့်ခွဲရေးများနှင့် ရုံးအလုပ်များကို ဆောင်ရွက်ရခြင်း စသည့်လုပ်ငန်းတာဝန်များ ထမ်းဆောင်ရသူများဖြစ်ပါကြောင်း၊ ယင်းဥပဒေအရာရှိများအနေဖြင့် အခါအားလျော်စွာ စာသင်ကျောင်းများတွင် ဥပဒေရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ၍ အသိပညာ ဖြန့်ဝေခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း စသဖြင့်ဆောင်ရွက်လျက်ရှိပြီး အသိပညာပေးခြင်းကိုသာ ဆက်လက်ဆောင်ရွက်သွားနိုင်ပါကြောင်း လက်အောက်ခံမြို့နယ် ဥပဒေရုံးများနှင့် ခရိုင်ဥပဒေရုံး အသီးသီးရှိ ဥပဒေအရာရှိများက အထက်ဖော်ပြသည့်အတိုင်း ဥပဒေရေးရာ အသိပညာပေး ဟောပြောပွဲများတွင် ဟောပြောခြင်းဖြင့်သာ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပေါင်းစပ်ဖြေကြားအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိပြင်ဆင်ရေးဆွဲလျက်ရှိသော သင်ရိုးအသစ်၊ လက်ရှိသင်ကြားအသုံးပြုနေသော သင်ရိုးအဟောင်းနှစ်ရပ်လုံးကို အခြေခံဥပဒေဘာသာရပ်သင်ရိုးကို တစ်ပတ်လျှင် အနည်းဆုံးတစ်ချိန် သတ်မှတ်၍ လက်တွေ့ဥပဒေနယ်ပယ်မှ တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် ရှေ့နေရှေ့ရပ်များမှ သင်ကြားပို့ချစေခြင်းကို စီစဉ်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ မရှိသေးပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇုန်လှယ်ထန်း ၏ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများတွင် ဆရာ၊ ဆရာမများ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဖလမ်းမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းပေါင်း(၅)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (၉)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၆)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ပေါင်း (၂၀)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၂၄)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၁၁၂)ကျောင်းနဲ့ အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၇၇)ကျောင်း ရှိပါတယ်။ ခန့်ထားပြီး ဆရာ၊ ဆရာမများအနေဖြင့် အထက်တန်းပြ(၉၃)ဦး၊ အလယ်တန်းပြ(၂၉၅)ဦး၊ မူလတန်းပြ(၅၂၅)ဦး၊ စုစုပေါင်း ဆရာ၊ ဆရာမ (၉၁၃)ဦး ခန့်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိသင်ကြားနေတဲ့ ကျောင်းသားအင်အားစာရင်းမှာ အထက်တန်းကျောင်းသား၊ ကျောင်းသူ (၁၃၁၇)ဦး၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူ (၃၈၂၄)ဦးနှင့် မူလတန်းကျောင်းသား ကျောင်းသူ (၆၅၅၅)ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူ (၁၁၆၉၆)ဦး ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းသား၊ ဆရာအချိုးအနေနဲ့ အထက်တန်းအဆင့် ဆရာ၊ ကျောင်းသားအချိုးမှာ (၁း၁၄)၊ အလယ်တန်းအဆင့်သင် ဆရာ၊ ကျောင်းသားအချိုးမှာ (၁း၁၃)၊ မူလတန်းအဆင့် ဆရာ၊ ကျောင်းသားအချိုးမှာ (၁း၁၂) ဖြစ်တဲ့အတွက် ကျောင်းသား၊ ဆရာအချိုး မျှတပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ဒီ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ပျမ်းမျှ ကျောင်းသား၊ ဆရာအချိုး အနေနဲ့ (၁း၁၃) ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း (၂၄)ကျောင်းတွင် မူလတန်းပြ ခွဲဝေဌာနသို့ (၇၄)ဦး၊ ခန့်ထားပြီးသူ (၇၁)ဦး၊ လစ်လပ်ဝန်ထမ်းနေရာ (၃)ဦး၊ နေ့စားလပေး ခန့်ထားသူ(၉)ဦး ရှိပါတယ်။ မူလတန်းကျောင်းအုပ် ခွဲဝေ(၂၄)ဦးမှာ (၂၀)ဦး ခန့်ထားပေးပြီး(၄)ဦး လစ်လပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အလယ်တန်းပြ(၁)ရာထူးနေရာ ခွဲဝေ(၆)နေရာမှာ ခန့်ထား (၃)နေရာ၊ လစ်လပ်(၃)နေရာ၊ အလယ်တန်းပြ(၂)ရာထူး ခွဲဝေ(၂၁)နေရာ၊ ခန့်ထားပြီး(၁၉)နေရာ၊ လစ်လပ်နေရာ(၂)နေရာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီတော့ ခန့်ထားပြီးဆရာ စုစုပေါင်း ဦးရေမှာ မူလတန်းပြ(၈၀)ဦး၊ မူလတန်းကျောင်းအုပ်(၂၀)ဦးနဲ့ အလယ်တန်းပြ(၂၂)ဦးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေအနေအရ ဖလမ်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(၂၄) ကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သူငယ်တန်း(၁၇၈)ဦး၊ ပထမတန်း(၁၄၇)ဦး၊ ဒုတိယတန်း(၁၁၆)ဦး၊ တတိယတန်း(၁၅၀)ဦး၊ စတုတ္ထတန်း(၁၄၈)ဦး၊ စုစုပေါင်း မူလတန်းအဆင့်သင် ကျောင်းသား၊ ကျောင်းသူပေါင်း (၇၃၉)ဦး ရှိပါတယ်။ အလယ်တန်းအဆင့်မှာ ပဉ္စမတန်း(၁၂၉)ဦး၊ ဆဋ္ဌမတန်း(၉၃)ဦး၊ သတ္တမတန်း(၄၄)ဦး စုစုပေါင်း (၂၆၆)ဦးရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ မူလတန်းအဆင့်မှာ ဆရာ၊ ကျောင်းသားအချိုးမှာ (၁း၉)၊ အလယ်တန်းအဆင့်မှာ ဆရာနှင့် ကျောင်းသားအချိုးမှာ (၁း၁၂) ဖြစ်သည့်အတွက် ဆရာအင်အားနဲ့ ကျောင်းသားအင်အား လုံလောက်မျှတစွာ ရှိပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ ဒီအခြေခံပညာ ကျောင်းများမှာ ဒီ ဆရာ၊ ဆရာမ လစ်လပ်မှုများကို ပြန်လည်စိစစ်ပြီး ဖြည့်စွက်ခန့်ထားပေးနိုင်ရန် စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ကပဲ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးစိုးသီဟ(ခ)ဦးမောင်တူး ရဲ့ မေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်းပြီး (၁၃၀ x ၃၀ x ၂၄)ပေ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်

အတွက် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ လျာထားချက် ဆောင်ရွက်ရာမှာ ကျွန်တော် ပြီးခဲ့တဲ့ တင်ပြချက်အတိုင်းပဲ အန္တရာယ်ရှိသောကျောင်းများ၊ ဥပစိရုပ် မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေအရ တိုးချဲ့ရန်လိုအပ်သောကျောင်းများ၊ သိပ္ပံဆောင်လိုအပ်သောကျောင်းများနဲ့ သဘာဝဘေးဒဏ်ကြောင့် နေရာပြောင်းရွှေ့ဆောက်လုပ်ရန် လိုအပ်သောကျောင်းများ စသဖြင့် လုပ်ငန်းအဆင့်များ ခွဲခြားပြီး မြို့နယ်အလိုက် ဦးစားပေးအဆင့်သတ်မှတ်ပြီး ဘဏ္ဍာငွေခွဲဝေခြင်းကို ပြုစုဆောင်ရွက်ခဲ့ပါတယ်။

မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ဆောင်ရွက်ရန် ငွေကျပ်သန်းပေါင်း(၆၇၈)သန်း လျာထားပါကြောင်း တင်ပြ အပ်ပါတယ်။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန သတ်မှတ်ချက်အနေနဲ့ ကျောင်းသားတစ်ဦး စာသင်ကြားနိုင်ရန် လိုအပ်ချက်မှာ မူလတန်းအဆင့်တွင် ကျောင်းသားတစ်ဦးအတွက် (၁၂)စတုရန်းပေ၊ အလယ်တန်း အဆင့်နှင့် အထက်တန်းအဆင့်တွင် (၁၈)စတုရန်းပေ၊ သတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျွဲခြံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းဆောင်အနေဖြင့် (၁၀၀ x ၂၅)ပေ နှစ်ထပ်ဆောင်၊ (၁၈၀ x ၃၀)ပေ တစ်ထပ်ဆောင်၊ (၁၃၀ x ၃၀)ပေ နှစ်ထပ်ဆောင်၊ စုစုပေါင်း(၃)ဆောင်ရှိပြီး စာသင်ခန်းဧရိယာ စုစုပေါင်း(၁၄၅၈၀)စတုရန်းပေ ရှိပါတယ်။ ဒီကျောင်းမှာ မူလတန်းအဆင့်မှာ ကျောင်းသား၊ ကျောင်းသူ(၁၃၃)ဦး၊ ၎င်းတို့အတွက်လိုအပ်ချက် (၁၅၉၆) စတုရန်းပေ၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင် ကျောင်းသား၊ ကျောင်းသူ(၆၂၂)ဦး၊ ၎င်းတို့အတွက်လိုအပ်ချက် (၁၀၄၇၆)စတုရန်းပေ လိုအပ်ပါတယ်။

လက်ရှိ ကျောင်းဆောင်များမှာ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ (၇၅၅)ဦးအတွက် စာသင်ခန်းဧရိယာ (၁၂၇၉၂)ပေသာ လိုအပ်တဲ့အတွက် လက်ရှိ ရှိနေတဲ့ဧရိယာသည် ပိုလျှံမှုမရှိ ပါကြောင်းနှင့် စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ လုံလောက်မျှတမှုရှိပါကြောင်း တင်ပြအပ် ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အခြေခံပညာဦးစီးဌာနရဲ့ စိစစ်တင်ပြချက်အရ ဒီကျောင်းကြီးဟာ နှစ်ပေါင်း (၈၇)နှစ်သက်တမ်းရှိတဲ့ (၁၀၀ x ၂၅)ပေ သွပ်မိုးပျဉ်ကာ၊ နှစ်ထပ်ကျောင်းဆောင် သက်တမ်း အားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများကိုသာ ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဥပစိရုပ်အားနည်းသော အခြေအနေရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက်ကတော့ ရန်ပုံငွေ ငွေလုံးငွေရင်း လျာထားချက်များသည် ရေးဆွဲ တင်ပြဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ကျွဲခြံကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် ဒီနှစ်အတွက်တော့ ရန်ပုံငွေခွဲဝေမှု မပါရှိပါကြောင်းနဲ့ ယင်းကျောင်းဆောင်ကို ဖျက်သိမ်းပြီး ကျောင်းဆောင်အသစ် ဆောင်ရွက်ပေးနိုင်ရန် ယခုလာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

သို့သော်လည်း နောင်လာမည့် ဘဏ္ဍာရေးနှစ်များမှာ ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရ အဖွဲ့၏ စီမံကြီးကြပ်မှု၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပေါင်းစပ်ညှိနှိုင်းမှုနဲ့ အဆင့်အလိုက် ဦးစားပေး နိုင်မယ့် မြို့နယ်ကျောင်းအလိုက် ဆောင်ရွက်နိုင်မည့် အစီအစဉ်များအရ စိစစ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေးပါ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ရတဲ့အတွက် ဥက္ကဋ္ဌကြီးကို အများကြီး ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဒီပညာရေးကို အဆင့်မြှင့်ပြီးတော့ ဆောင်ရွက်ပေးတာကိုတွေ့ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ ဝန်ကြီးဖြေတဲ့အထဲမှာ ဒီမူလတန်းနဲ့ အလယ်တန်းနဲ့ အထက်တန်းကျောင်းတွေရဲ့ စာရင်းဇယား ဖြေကြားပေးတာ တွေ့ရပါတယ်။ ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ ဒီကျောင်း(၃)ကျောင်းအတွက်မေးတာ မဟုတ်ပါဘူး။ မူလတန်းလွန်ကျောင်းအတွက် မူလွန်ကျောင်းအတွက် မေးတာဖြစ်ပါတယ်။ ဝန်ကြီးဖြေတဲ့ ဒီမူလတန်းလွန်ကျောင်း (၂၄)ကျောင်းအတွက်ပေါ့နော်။ အလယ်တန်းပြ ဘယ်နှစ်ဦးခန့်ထားနိုင်ပါသလဲ။ တိုးမြှင့်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိဆိုတာပဲ ဖြစ်ပါတယ်။ ကျွန်တော် မူလတန်းလွန်ကျောင်းအတွက် Focus လုပ်ပြီးတော့ မေးမြန်းခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ မူလတန်းနှင့် အလယ်တန်းနဲ့ အထက်တန်းမှာတော့ နိုင်ငံတော်ရဲ့ စီစဉ်ပေးမှုဟာ တော်တော်လေးကျွန်တော်တို့ ကျေနပ်အားရပါတယ်။ သို့သော်လည်းပဲ ဒီမူလတန်းလွန်ကျောင်းပေါ့။ ကျောင်းတွေပေါ့။ ဒီကျောင်းတွေမှာ အလယ်တန်းပြ ဆရာ၊ ဆရာမများ ခန့်ထားနိုင်မှု အရမ်းနည်းနေတဲ့အတွက်ကြောင့် ကျွန်တော်တို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေနိုင်ရင် ဖြေလိုက်ပါ။

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းကို ကျွန်တော် တင်ပြရရင် ကျွန်တော်ရဲ့ ရှေးဦးဖြေကြားတင်ပြချက်မှာ မူလတန်းလွန်ကျောင်းအတွက် ကျွန်တော် တင်ပြပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ ဖလမ်းမြို့နယ်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း(၂၄)ကျောင်းမှာ ကျောင်းသား၊ ဆရာအချိုးအနေနဲ့ မူလတန်းအဆင့်မှာ (၁း၉)၊ အလယ်တန်းအဆင့်တွင် (၁း၁၂) ရှိပါတယ်။ ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတာ တစ်ပြည်လုံးမှာ (၁း၂၅)လောက်ရောက်အောင်ကို ကျွန်တော်တို့ ဒါ ဒေသအားလုံးလွှမ်းခြုံနိုင်အောင် ကြိုးစားပါတယ်။ တချို့နေရာတွေမှာ (၁း၅၀)၊ တချို့နေရာတွေမှာ (၁း၆၀)ရှိနေတာကို (၁း၂၅)အထိရောက်အောင် ကျွန်တော် စံထားကြိုးပမ်းလျက် ရှိပါတယ်။

အခု လက်ရှိအခြေအနေအားဖြင့် မူလတန်းအတွက် ကျောင်းသား၊ ဆရာအချိုးကတော့ (၁း၉)၊ အလယ်တန်းအဆင့်အတွက်ကတော့(၁း၁၂) ဖြစ်ပါတယ်။ အချိုးအစားအားဖြင့်တော့ အလွန်ကောင်းတဲ့အခြေအနေရှိပါတယ်။ သို့သော် မြေပြင်အခြေအနေမှာတော့ ဒီသွားရေးလာရေးလွယ်တဲ့နေရာမှာ ဆရာအင်အားများပြီး၊ ဒီသွားရေးလာရေး ခက်တဲ့နေရာမှာ ဆရာအင်အား နည်းတာဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ သို့ပါ၍ ကျွန်တော် ခုနတင်ပြခဲ့သလိုပဲ ဒီကျောင်းအလိုက် ကျောင်းသား၊

ဆရာအချို့ကို တစ်ကျောင်းချင်း ပြန်စိစစ်ပြီး လိုအပ်မှုရှိပါက စိစစ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စစ်ချီထွက်တိုင်း ပင့်ဆောင်သွားလေ့ရှိသည့် သက်န်းနက် ရုပ်ပွားတော်မြတ်ကြီးအား ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ခွင့် ရရှိရေးအတွက် ညှိနှိုင်းဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး က အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ စစ်ချီထွက်တိုင်း ပင့်ဆောင်သွားလေ့ရှိသည့် သက်န်းနက် ရုပ်ပွားတော်မြတ်ကြီးအား ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ခွင့် ရရှိရေးအတွက် ညှိနှိုင်းဖြေရှင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုမေးတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ နောက်ခံသမိုင်းအကျဉ်းကို အနည်းငယ် တင်ပြခွင့်ပြုပါခင်ဗျား။ မေးခွန်းမှာပါတဲ့ သက်န်းနက် မတ်တတ်ရပ်စွန်တောင်စွဲ ရုပ်ပွားတော်မြတ်ကြီးသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ၏ ခမည်းတော် မင်းညိုစံနဲ့ မယ်တော်ခင်ယုစံ လက်ထက်တော်ကတည်းက ကိုးကွယ် ခဲ့တဲ့ရုပ်ပွားတော်တစ်ဆူဖြစ်ကြောင်း သမိုင်းမှတ်တမ်းများက ဆိုပါတယ်။ အလောင်းမင်းတရားကြီး စစ်ချီထွက်တော်မူတိုင်း သစ္စာဆိုပြီး ပင့်ဆောင်သွားလေ့ရှိတဲ့အတွက်လည်း စစ်ထွက်သစ္စာဆိုဘုရား ဆိုပြီးတော့လည်း ခေါ်ဆိုသမုတ်ကြပြန်ပါတယ်။

ကြာမှောက်၊ ကြာလန်၊ ပလ္လင်အမြင့်(၁၀)လက်မ၊ ဉာဏ်တော်အမြင့် (၃၄)လက်မရှိပြီး ရွှေဘိုမြို့ မြတ်စောညီနောင်ဘုရားရဲ့ စနေထောင့်တွင် အတိတ်နိမိတ်အောင်မြေ၊ ရာဇအောင်မြေဆိုပြီး မြန်မာ သက္ကရာဇ်(၁၁၁၄)ခုနှစ်မှာ အနေကဇာတင်ပြီး ကိုးကွယ်ကြောင်းလည်း မှတ်တမ်းမှတ်ရာတွေမှာ ဖော်ပြထားပါတယ်ခင်ဗျာ။ ၁၉၄၂ ခုနှစ်မှာတော့ နန်းရင်းဝင်ဂျွန်ဦးစောဟာ ရွှေဘိုမြို့ကိုလာပြီးတော့ အလောင်းဘုရားပြသာဒ်တော် တည်ဆောက်လှူဒါန်းပြီး ရုပ်ပွားတော်မြတ်ကြီးကို ရန်ကုန်မြို့ကို ပင့်ဆောင်သွားခဲ့ပါတယ်။ နောက်တော့ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ အနောက်တောင်ထောင့်ဘုရား အမှတ်(၁၅)မှာ ပူဇော်ခံထားရှိခဲ့ပါတယ်။ ဒီလိုသမိုင်းအချက်တွေကြောင့် ရုပ်ပွားတော်မြတ်ကြီး ပြန်လည် ပင့်ဆောင်ခွင့်ရရှိရေး ကော်မတီဝင်တွေဟာ ရွှေတိဂုံဘုရားမှာ သွားရောက်ပြီးတော့ စုံစမ်းခဲ့ကြ ပါတယ်။ အဲဒီမှာ ဘုန်းတော်ကြီးတစ်ပါးနဲ့ မယ်သီလရှင်နှစ်ပါး ရွှေဘိုသားဆိုသူများက လာရောက် ပင့်ဆောင်သွားကြောင်း ဂျွန်ဦးစော ရဲ့ ဇနီးဒေါ်သန်းခင်နဲ့ နာဂလိုဇ်ဂူဆရာတော်တို့မှ အများပြည်သူ ဖူးမြော်ခွင့်ရရှိအောင် ရွှေတိဂုံဘုရားဂေါပကထံ ခွင့်ပန်ပြီး ပြန်လည်ပေးအပ်လိုက်ကြောင်း သိရှိရပါ တော့တယ်။

ဒါပေမယ့်လည်း ရုပ်ပွားတော်မြတ်ကြီးဟာ ရွှေဘိုမြို့ကိုမရောက်ပဲ ပျောက်ချင်းမလှ ပျောက်ဆုံးသွားပါတော့တယ်။ ဒီလိုနဲ့ ကော်မတီအဖွဲ့ဝင်တွေဟာ ဂဠုန်ဦးစော ရဲ့ ဆွေမျိုးတော်စပ်သူများဖြစ်တဲ့ မြေးဖြစ်သူ ဒေါ်မွန်မွန်ယဥ်၊ ၎င်းရဲ့ခင်ပွန်း ဒေါက်တာစိုးသိန်း တို့အကူအညီနဲ့ ရုပ်ပွားတော်မြတ်ကြီး ရှာဖွေတွေ့ရှိရေးကိုကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာတော့ ရုပ်ပွားတော်မြတ်ကြီး ရှာဖွေတွေ့ရှိပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ သဗ္ဗေညုပုထိုးတော်ကြီး ဂန္ဓကုဋီတိုက်မှာ ကိန်းဝပ်လျက်ရှိကြောင်း၊ ရွှေဘိုမြို့သို့ ပြန်လည်ပို့ဆောင်ခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဒေါ်မွန်မွန်ယဥ် က အကြောင်း ပြန်ကြားလာပါတယ်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာတော့ ပြန်လည်ပင့်ဆောင်နိုင်ရေး ကော်မတီဝင်တွေနဲ့ ဂဠုန်ဦးစော ၏ ဆွေမျိုးများဟာ ရုပ်ပွားတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ဂန္ဓကုဋီတိုက်မှာရှိတဲ့ သီလရှင်ဆရာကြီး ဒေါ်ပညာသီရိနဲ့ ဘုရားပြန်လည်ပင့်ဆောင်နိုင်ရေး ဆွေးနွေးခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဒါကတော့ မြောက်ဥက္ကလာပမြို့နယ်၊ ဂန္ဓကုဋီတိုက်ကို ရောက်စဥ်မှာ ကျွန်တော်တို့ မှတ်တမ်းတင်ထားတဲ့ ရုပ်ပွားတော်မြတ်ကြီးရဲ့ ပုံပါ။ ဒါကတော့ ရုပ်ပွားတော်မြတ်ကြီးရဲ့ ညာဘက်လက်တော် လက်ခလယ်ဟာ ဂဠုန်ဦးစော ရွှေဘိုကနေ သယ်စဥ်ကတည်းက ကျိုးသွားတဲ့အတိုင်းပဲ ကျွန်တော်တို့ အဲဒီမှာ မှတ်တမ်းတင်ရရှိခဲ့ပါတယ်။ ဒါကတော့ ဂဠုန်ဦးစော ရဲ့ မြေး ဒေါ်မွန်မွန်ယဥ် က ဒီ ရုပ်ပွားတော်မြတ်နဲ့ ပတ်သက်ပြီး ရွှေဘိုမြို့ကို ပင့်ဆောင်ဖို့ ခွင့်ပြုတဲ့ သူ့ရဲ့လက်မှတ်ပါ။ ဒါကတော့ ရွှေဘိုမြို့က ပခန်းကျောင်းတိုက် ဆရာတော်ကြီးနဲ့ ဆရာတော်တွေရဲ့ ရုပ်ပွားတော် ပြန်လည်ပင့်ဆောင်နိုင်ရေးနဲ့ သူတို့ရဲ့ သဘောထားထောက်ခံချက်တွေပါ။ ဒါကလည်း ကျွန်တော်တို့ စစ်ကိုင်းတိုင်း သံဃာ့မဟာနာယကအဖွဲ့က ထောက်ခံတဲ့ ထောက်ခံစာပါ။

ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ သီလရှင်ဆရာကြီးဒေါ်ပညာသီရိက သဗ္ဗေညုပုထိုးတော်ကြီး က ဂေါပကအဖွဲ့ဝင်တွေနဲ့ တိုင်ပင်ပြီးတော့ ဒီဘုရားပြန်လည်ပင့်ဆောင်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှာ အကြောင်းပြန်မယ်ဆိုပြီးတော့ ကျွန်တော်တို့ကို သတင်းစကား ပါးခဲ့ပါတယ်။ ဒါပေမဲ့ ဒီနေ့ဒီအချိန်အထိ အကြောင်းပြန်ကြားလာတာ မရှိပါဘူး။ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်မရအောင်လည်း အကြောင်းအမျိုးမျိုးနဲ့ ငြင်းဆန်နေတာတွေ ရှိပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ လေ့လာစုံစမ်းချက်အရ နောက်ထပ် ဒီရုပ်ပွားတော်နဲ့ ဆင်တူရုပ်ပွားတော်တစ်ခုကိုလည်း ထုဆစ်ထားတယ်လို့ ကျွန်တော်တို့ ဒီလို သိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာသာရေးဆိုင်ရာ ယဥ်ကျေးမှုအမွေအနှစ်တစ်ခုလည်းဖြစ်တဲ့ သမိုင်းတန်ဖိုး၊ အနုပညာတန်ဖိုး၊ တန်ဖိုးမဖြတ်နိုင်တဲ့ အဆောင်အယောင်ပစ္စည်းတွေဟာ မူလသမိုင်း ဖြစ်တည်ရာနေရာမှာ တည်ရှိနေခြင်းက သမိုင်းတန်ဖိုးကို တင့်တယ်စေပါတယ်။ တစ်ဦးတစ်ယောက် တစ်စု တစ်ဖွဲ့ထံမှာ ရှိနေခြင်းဟာ မသင့်လျော်ပါဘူး။ ရှေးဘုရင်မင်းမြတ်များဟာလည်း စေတီဘုရား ကျောင်းကန် တည်ဆောက်တဲ့အခါ၊ ဆင်းတုတော်တွေကို ထုဆစ်ပူဇော်တဲ့အခါ သစ္စာအဓိဋ္ဌာန်တွေ ပြုပြီးတော့ ပူဇော်လေ့ရှိတယ်ဆိုတာကို အားလုံးသိပြီး ဖြစ်မှာပါ။ အခုဖြစ်စဥ်ဟာ ရှေးအထင်ကရ

ပုဂ္ဂိုလ်တွေရဲ့ သစ္စာအဓိဋ္ဌာန်ကိုလည်း ဖျက်ဆီးရာရောက်စေပါတယ်။ တရားဥပဒေကြောင်းအရ ဘုရားပြန်လည် ပင့်ဆောင်နိုင်ရေး တရားစွဲဆိုမယ်ဆိုရင်လည်း ဘာသာရေးနဲ့ ပတ်သက်တဲ့ကိစ္စ -----

**ဥက္ကဋ္ဌ**။ ။ ရပ်လိုက်ပါတော့ ရပါပြီ။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၀၀။**

**သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ပြုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မျိုး ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ ကြယ်ပွင့်ပြမေးခွန်းမှာပါတဲ့ သက်န်းနက်ဆင်းတုတော်ဟာ တတိယနိုင်ငံတော်ကို တည်ထောင်ခဲ့တဲ့ အလောင်းမင်းတရားကြီး ဘုရင်မဖြစ်ခင်ကတည်းက ၎င်း၏မိဘနှစ်ပါးမှ ဆွေစဉ်မျိုးဆက် ကိုးကွယ်ခဲ့ကြောင်း၊ နောက်ဘုရင်ဖြစ်တဲ့အခါမှာ အလောင်းမင်းတရားကြီးသည် စစ်ထွက်ရာမှာ သက်န်းနက် ဆင်းတုတော်ကို ဆင်ပေါ်တင်၍ စစ်ဦးမှချီတက်ခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရပါတယ်။ အဲဒီ ဆင်းတုတော်ကို ၁၉၄၂ ခုနှစ်၊ ဂဠုန်ဦးစော ရွှေဘိုသို့ရောက်ရှိချိန်မှာ အလောင်းမင်းတရားကြီးရဲ့ ဂူဗိမာန်သည် မသင့်တော်သော အဆောက်အဦနဲ့ မသင့်တော်သော နေရာတွင်ဖြစ်နေသောကြောင့် ရွှေ့ပြောင်းတည်ဆောက်စေခဲ့ကြောင်းလည်း သိရပါတယ်။

နောက် သက်န်းနက် ဆင်းတုတော်ကိုလည်းပဲ တန်ခိုးကြီးသဖြင့် ကိုးကွယ်ရန် ၎င်းတို့မှ ရန်ကုန်သို့ ပင့်ဆောင်ခဲ့ပြီးတော့မှ အင်းလျားကန်စောင်းမြေမှာ ကျောင်းဆောင်ဆောက်ပြီးတော့မှ ကိုးကွယ်ခဲ့ကြောင်း၊ ဂဠုန်ဦးစော ရဲ့ အဲဒီအိမ်အနီး ကျောင်းဆောင်မှာ (၆)နှစ်ခန့် ကိုးကွယ်ခဲ့ပြီးတဲ့နောက်မှာ ၁၉၄၈ ခုနှစ်မှာ ရွှေတိဂုံစေတီတွင် ဂဠုန်ဦးစော လှူဒါန်းခဲ့သော ဂူအမှတ်(၁၅)မှာ ထားရှိကိုးကွယ်စေခဲ့ကြောင်း၊ ၁၉၆၄ ခုနှစ်မှာ ရွှေဘိုမြို့ကနေပြီး ရဟန်း(၂)ပါးနဲ့ သီလရှင်(၁)ပါးတို့က ခုနကဆင်းတုတော်လာပင့်သဖြင့် ဂဠုန်ဦးစော ရဲ့ ဇနီးဒေါ်သန်းခင် က မပေးလိုသော်လည်းပဲ ကလေးဝဆရာတော်ဘုရားကြီးက မိန့်ကြားတာမို့လို့ ပြန်လည်ပေးအပ်ခဲ့ပြီးမှ ပြန်လည်ကြွချီစေခဲ့ကြောင်း၊ လမ်းခရီးမှာ ကားမှောက်ပြီးတော့မှ ဘုန်းတော်ကြီးများ ပျံလွန်တော်မူပြီးတော့ ဆင်းတုတော်လည်း မည်သည့်အရပ်ဒေသသို့ ရောက်ရှိသွားသည်ကို မသိရဘဲ ပျောက်ဆုံးသွားခဲ့ကြောင်း ဂဠုန်ဦးစော ရဲ့ မြေးဖြစ်သူ ဒေါ်မေသန်းစော ရဲ့ တင်ပြချက်အရ သိရှိရပါတယ်။

ပျောက်ဆုံးသွားတဲ့ သက်န်းနက် ဆင်းတုတော်သည် ယခုအခါ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် သဗ္ဗညုပုထိုးတော်ကြီးမှာ ကိန်းဝပ်စံပယ်တော်မူကြောင်း သိရှိရတဲ့အတွက်

ကြောင့်မို့လို့ သဗ္ဗေညုပုထိုးတော်ကြီးမှာ တာဝန်ခံဆောင်ရွက်နေတဲ့ သီလရှင်ဆရာကြီး ဒေါ်ပညာသီရိ နဲ့ တွေ့ဆုံပြီးတော့မှ ရုပ်ပွားတော်ကို ပြန်လည်ပင့်ဆောင်ရေး ညှိနှိုင်းခဲ့သော်လည်းပဲ ဆရာကြီး ဒေါ်ပညာသီရိ က သဘောတူလက်ခံခြင်း မရှိတာမို့လို့ ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ခြင်း မရှိနိုင်ခဲ့ကြောင်းကို ဒေါ်မေသန်းစော ရဲ့ တင်ပြချက်အရ သိရပြီးနောက်မှ ရုပ်ပွားတော်မှာ မရမ်းကုန်း မြို့နယ်၊ သုခလမ်းမှာရှိတဲ့ သဗ္ဗေညုပုထိုးတော်ကြီးမှာ တင့်တယ်သပ်ပယ်စွာ ကိန်းဝပ်စံပယ်နေကြောင်း သာသနာရေးအရာရှိများကနေပြီး သွားရောက်ကြည့်ရှုတွေ့ရှိရပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နေပြီးမှ ရန်ကုန်တိုင်း၊ သာသနာရေးမှူးကို ကွင်းဆင်းစိစစ်စေတဲ့အခါမှာ သီလရှင်ဆရာကြီး ဒေါ်ပညာသီရိ က ၎င်းရုပ်ပွားတော်သည် ပျံလွန်တော်မူသွားတဲ့ ယခင်ကျောင်းထိုင်သီလရှင် ဆရာကြီး ဒေါ်ဓမ္မေသီ လက်ထက်ကပင် ရှိနေခဲ့တဲ့ ဆင်းတုတော် ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ နိုဝင်လာလ ၉ ရက် နေ့မှာ အဲဒီဆင်းတုတော်နဲ့ ပတ်သက်ပြီးတော့မှ ရှေးဟောင်းသုတေသနနဲ့ အမျိုးသားပြတိုက်ဦးစီးဌာန တာဝန်ရှိသူများနဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များကလည်း လာရောက်မေးမြန်းခဲ့ဖူးပါတယ်။ ၎င်းအဖွဲ့မှ အဆိုပါ ဆင်းတုတော်သည် ရှေးဟောင်းဆင်းတုတော် တစ်ဆူဖြစ်ကြောင်း၊ လက်ရှိကိုးကွယ်ထားတဲ့ ကာယကံရှင် ခွင့်ပြုချက် မရရှိလို့ရှိရင် ယူပိုင်ခွင့်၊ ရွှေ့ပြောင်းပိုင်ခွင့် မရှိပါကြောင်း၊ ၎င်းဆင်းတုတော် ကို မပျောက်ပျက်စေဖို့အတွက်ကို ထိန်းသိမ်းထားပါရန်နှင့် ရွှေ့ပြောင်းခြင်း၊ ရောင်းချခြင်း မပြုရန် မှာကြားပြီးတော့မှ ခံဝန်ကတိလက်မှတ်ရေးထိုးသွားခဲ့ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီ သက်နှန်းနက် ရုပ်ပွားတော်ဟာ နှစ်ပေါင်း(၁၀၀)နဲ့အထက် သက်တမ်း ရှိပြီးတော့မှ ရှေးဟောင်းဝတ္ထုပစ္စည်းအဖြစ် သတ်မှတ်နိုင်တဲ့ ကျွန်တော်တို့ အရည်အချင်းပြည့်စုံတဲ့ ရှေးဟောင်းဆင်းတုတော်တစ်ဆူ ဖြစ်ပါတယ်။ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိခိုက်ခြင်း၊ ဆွေးမြည့်ခြင်း၊ ပျက်စီးခြင်း ဖြစ်နိုင်တယ်လို့ ယူဆမယ်ဆိုလို့ရှိရင် ယဉ်ကျေးမှုအမွေအနှစ်အဖြစ်နဲ့ ကာကွယ်ထိန်းသိမ်းခွင့်ရှိသော်လည်းပဲ အဲဒီရုပ်ပွားတော်သည် အဆိုပါ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)အရ၊ ဘာသာရေးအရ ဝတ်ပြုကိုးကွယ်ရာမှာ လက်ရှိပူဇော်နေတဲ့ ရှေးဟောင်းဝတ္ထုပစ္စည်း ဖြစ်နေသောကြောင့် ဝန်ကြီးဌာနရဲ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ်နဲ့ ကာကွယ်ထိန်းသိမ်းပိုင်ခွင့်မှာ အကျုံးမဝင်ကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ကျွန်တော်တို့ အမျိုးအစား (၂)မျိုးခွဲခြားနိုင်ပါတယ်။ နံပါတ်(၁) အမျိုးအစားကတော့ ကျွန်တော်တို့ Active Heritage ဖြစ်ပါတယ်။ ကျွန်တော်တို့ သက်ဝင်လှုပ်ရှား ကိုးကွယ်ပူဇော်နေတဲ့ ရုပ်ပွားဆင်းတုတော်၊ စေတီပုထိုးတော်၊ သာသနိကအဆောက်အအုံ တို့ကို ခေါ်ပါတယ်။ နောက်တစ်မျိုးကတော့ Inactive Heritage ဖြစ်ပါတယ်။ သက်ဝင်လှုပ်ရှား ကိုးကွယ်မှုမရှိတော့သော ရှေးဟောင်းယဉ်ကျေးမှု သာသနိက အဆောက်အအုံများကို ခေါ်ပါတယ်။ ဥပမာ ပုဂံမှာရှိတဲ့ အာနန္ဒာပုထိုးတော်ကြီးတို့၊ သဗ္ဗညုပုထိုး တော်ကြီးတို့၊ စူဠာမဏိတို့၊ ဓမ္မရာဇကတို့ စတဲ့ ပုထိုးတော်များသည် လက်ရှိကိုပဲ ပြည်သူတွေက ကိုးကွယ်ပြီးတော့မှ နှစ်စဉ်ဘုရားပွဲများ ကျင်းပပြီးတော့မှ ရွှေစင်သက်နန်းကပ်လှူ ထီးတော်တင် ပူဇော်

နေတဲ့ Active ပေါ့၊ သက်ဝင်လှုပ်ရှားနေတဲ့ အမွေအနှစ်များ ဖြစ်ပါတယ်။ ကျန်တဲ့ စေတီပုထိုးအများစု ကတော့ ကျွန်တော်တို့ ဘုရားပွဲလည်း ပုံမှန်မကျင်းပတော့ပါဘူး။ ပြည်သူတွေလည်း ထီးတော်တင်၊ ရွှေသကန်းကပ် မလုပ်တော့ပါဘူး။ တစ်နည်းအားဖြင့် အသက်မဝင်တော့တဲ့ Inactive Heritage များ ဖြစ်ပါတယ်။

အခု ဒီ သက်န်းနက် ရုပ်ပွားတော်သည် လက်ရှိကိုပဲ သဗ္ဗညုပုထိုးတော်ကြီးရဲ့ ဂန္ဓကုဋိ တိုက်မှာ တင့်တယ်သပ်ပယ်စွာ စံပယ်နေတဲ့ သက်ရှိအမွေအနှစ်ဖြစ်လို့မို့လို့ ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရေးဥပဒေအရ ဤဝန်ကြီးဌာနကနေပြီးမှ စီမံခန့်ခွဲပိုင်ခွင့်မရှိသော ကျွန်တော်တို့ ဒါ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သက်န်းနက် ဆင်းတုတော်နဲ့အတူ အခြား ရှေးဟောင်းယဉ်ကျေးမှု ဆင်းတုတော်များကိုလည်းပဲ မြောက်မြားစွာ၊ ရာပေါင်းများစွာ အဲဒီ ခမွေသက စာသင်တိုက်ရဲ့ ခု သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်ပညာသီရိ ကနေပြီးမှ သဗ္ဗညုပုထိုး တော်ကြီးမှာ စနစ်တကျ ထိန်းသိမ်းထားတာကိုလည်းပဲ ကျွန်တော်တို့ တွေ့ရှိနိုင်ပါတယ်။ နောက်ပြီး တော့လည်း အနယ်နယ်အရပ်ရပ်က မည်သူမဆို အချိန်မရွေး လာရောက်ဖူးမြော်နိုင်ပါကြောင်း၊ ရွှေဘိုမြို့သို့ ပြန်လည်ပင့်ဆောင်ရဖို့အတွက်ကတော့ ဤဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီး၊ သာသနာရေးမှူးကော၊ ကျွန်တော်တို့ ညွှန်ကြားရေးမှူးချုပ်များကော အကြိမ်ကြိမ် သွားညှိနှိုင်းသော် လည်းပဲ ခုန တာဝန်ခံ သီလရှင်ဆရာကြီး ဒေါက်တာဒေါ်ပညာသီရိ က လက်မခံခဲ့လို့မို့လို့ ပြေလည်မှု မရရှိခဲ့ပါကြောင်း ဒါကို ကျွန်တော်တို့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းမေး၊ တိုတိုမေး။

**ဦးအောင်မျိုး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဝန်ကြီးခင်ဗျား။ အဲဒီလိုဆိုရင် တရားဥပဒေကြောင်းအရ ဆောင်ရွက်လို့ ရနိုင်၊ မရနိုင် ဝန်ကြီးအနေနဲ့ ဒီမှာ တစ်ဆက် တစပ်တည်း ဖြေကြားပေးလို့ရရင် ဖြေကြားပေးပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကတော့ ခင်ဗျား မဟုတ်ဘူးလေ။ ဒါကတော့ သူ့အနေနဲ့ ခင်ဗျားတို့ လုပ်ချင်တာ ဥပဒေအရ လုပ်။ သွားပြီးတော့ သူ့ကို ချည်သလိုမလုပ်နဲ့လေ။ ဟုတ်တယ်မဟုတ်လား။ ခင်ဗျားတို့ စွဲလို့ရမယ်ဆိုရင် ဥပဒေပညာရှင်နဲ့ တိုင်ပင်ပေါ့။ တော်တော်ကျ ဝန်ကြီးအဖြေက ခင်ဗျားစွဲပြီးတော့ တော်ကြာ ဝန်ကြီးက စွဲခိုင်းတယ်ဆိုတဲ့ ပုံစံမျိုးဖြစ်သွားရင်မကောင်းဘူး ဟုတ်ပြီနော်။ အဲဒါရှိတယ်။ ခင်ဗျားတို့စွဲချင်ရင် ဥပဒေပညာရှင်နဲ့ တိုင်ပင်၊ တိုင်ပင်ပြီးတော့ စွဲလို့ရရင်တော့ စွဲပေါ့နော်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ်(၂၀) ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၈ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၈**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၆။**

**ဦးစိုင်းထွန်းအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
## စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇ - ၀၈၇

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၃-၂-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အစီရင်ခံစာ ဖတ်ကြားခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း က ၁၄-၂-၂၀၁၇ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၂-၂-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း အပိုဒ် ၂၂ တွင် ဖော်ပြထားသော စကားရပ်များအစား ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည် ဆိုသည့်စကားရပ်ကို ကောင်စစ်ဝန်ရုံးသို့မဟုတ် သံရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားခြင်းပြုရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပါသည်။

### ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အသေးစိတ်ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီအနေနဲ့ ပထမဦးဆုံး ဥပဒေကြမ်းရဲ့ ခေါင်းစဉ် ပြင်ဆင်ချက်ကို တင်ပြလိုပါတယ်။

**ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။)

၁၃၇၈ ခုနှစ်    လ    ရက်

(၂၀၁၇ ခုနှစ်၊    လ    ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဒီခေါင်းစဉ် ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီ ရဲ့ အပိုဒ် ၃၊ ခြေဆင်း ပြင်ဆင်ချက်ကို တင်ပြပါမယ်။

၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်။

ဒီပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီအနေနဲ့ အပိုဒ် ၉ နဲ့ အပိုဒ် ၁၃ ပြင်ဆင်ချက်များကို ဆက်လက်ပြီး တင်ပြပါမယ်။

၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဈ) နောက်တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(ည) ပုဒ်မခွဲ(ဈ)ပါ အဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူတစ်ဦး၊ အတွင်းရေးမှူး

၁၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)၏ နောက်တွင် ပုဒ်မခွဲ(ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဇ) ပုဒ်မခွဲ(ဆ)ပါ အဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူတစ်ဦး၊ အတွင်းရေးမှူး

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၂၂၊ အပိုဒ် ၂၆ လွှတ်တော်ကို တင်ပြပါမယ်။

၂၂။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)တွင် ပါရှိသော ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားရမည်ဆိုသည့် စကားရပ်ကို ကောင်စစ်ဝန်ရုံးသို့မဟုတ် သံရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားခြင်း ပြုရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ ၄၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

> ၄၀။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲတင်ပြ၍ ပြည်ထောင်စုတရားသူကြီးချုပ်မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

ဒီ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂၊ အပိုဒ် ၂၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃ (က)(ခ)(ဃ)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄ (က) တွင် ဖော်ပြပါရှိသည့် မူလဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)(ခ)(ဂ)၊ အပိုဒ် ၁၄ (ခ)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆ တွင် ဖော်ပြပါရှိသည့် မူလဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)(ဂ)(င)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ နှင့် အဆိုပြုပြဋ္ဌာန်းထားသည့် အပိုဒ် ၁၁ တွင် ဖော်ပြပါရှိသည့် မူလဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ)၊ အပိုဒ် ၁၃ တွင် ဖော်ပြပါရှိသည့် မူလဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ)၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

## စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ ဒီ စာရင်းအင်းဥပဒေနှင့်

စပ်လျဉ်းပြီးတော့ အကောင်းဆုံး ကြိုးပမ်းအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းပြီးတော့ ဂါရဝပြုပါတယ်။ အဲဒီတော့ ကျွန်တော် ဆွေးနွေးလိုတာကတော့ ဒီ မူဝါဒ ချမှတ်သူတွေနဲ့ စီမံကိန်းရေးဆွဲတဲ့သူတွေဟာ စာရင်းအင်းပါ အချက်အလက်များအပေါ် အခြေပြုပြီးတော့မှသာ ဒီ မူဝါဒတွေ ရေးဆွဲရတယ်။ စီမံကိန်းတွေ ရေးဆွဲရတာဖြစ်တဲ့အတွက် အခြေခံ ဒီစာရင်းအင်းအချက်အလက်များဟာ တိုင်းပြည်အတွက် အလွန်အရေးကြီးလှပါတယ်လို့ ပြောလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ဥပဒေတစ်ရပ် ရေးဆွဲပြီးတော့လည်း စာရင်းအင်းတွေကို အသေအချာပြုစုဖို့ ကြိုးပမ်းခဲ့ကြခြင်းဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ ဒီဥပဒေရဲ့ ရည်ရွယ်ချက်ထဲမှာ ပါပြီးဖြစ်ပါတယ်။ ဒီ စာရင်းအင်းအချက်အလက်များဟာ တိုင်းပြည် ပြိုကွဲပျက်စီးစေနိုင်တဲ့အထိ အရေးကြီးကြောင်းကို ၁၉၈၈ ခုနှစ်က ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံနဲ့ ပြည်ထောင်စုဆိုရှယ်လစ် ဆိုဗီယက်၊ ရုရှား နိုင်ငံကြီးများဟာ ဒီ စာရင်းမှား၊ ကိန်းဂဏန်းအမှားများအပေါ်မှာ ကျွန်တော်တို့ ဒီအောက်ခြေကနေ လိမ်လည်ပြီးတော့ တင်ပြပြုစုပေးလိုက်တဲ့၊ အချက်အလက်များအပေါ်မှာ ကျွန်တော်တို့နိုင်ငံကို အဖတ်ဆယ်လို့မရအောင် ချွတ်ခြုံကျပြီး ပြိုကွဲပျက်စီးခဲ့တဲ့ ကမ္ဘာ့သာဓကများ ရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဒီဟာတွေက အဓိကအားဖြင့် တာဝန်ရှိတဲ့လူတွေဖြစ်တဲ့ စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ကောက်ယူ စုဆောင်းသူတွေနဲ့ ထိုသူတွေရဲ့ အထက်အဆင့်ဆင့်မှာရှိတဲ့ ဒီ ဥပဒေမှာပါတဲ့ ဗဟိုကော်မတီဝင်များအထိဟာ အင်မတန်မှ တာဝန်ကြီးလေးပါတယ်။ အဲဒီလို တစ်ဦးဦးကသာ မကောင်းသောရည်ရွယ်ချက်နဲ့၊ မမှန်မှန်းသိပါလျက်နဲ့ စာရင်းအင်းအချက်အလက်တွေကို ပြင်ဆင်ဖြည့်စွက်တာလုပ်မယ်။ ဖြည့်သွင်းတာလုပ်မယ်။ ဖော်ပြအသုံးပြုတာလုပ်မယ်။ ကြေညာတာလုပ်မယ်။ အဲဒီ စာရင်းအင်းဟာ လုပ်ခဲ့ရင် တိုင်းပြည်အတွက် အထက်ကသာဓကများလိုပဲ အမှားကြီးတွေ၊ ကျွန်တော်တို့ မူဝါဒအမှားတွေ ဖြစ်လာမယ်။ စီမံကိန်းအမှားတွေ ရေးဆွဲမိမယ်။ ပြီးတော့ တိုင်းပြည်ဟာ ကျွန်တော်တို့ အထိနာပြီးတော့ သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို မလုပ်ရဲအောင်၊ မလုပ်နိုင်အောင်၊ အဲဒီလို ဒီ စာရင်းအင်းစုဆောင်း၊ အချက်အလက်တွေ ကောက်ယူစုဆောင်းသူတွေနဲ့ ဒီ ဗဟိုကော်မတီအဆင့်ကြားထဲမှာ တာဝန်ရှိတဲ့လူအားလုံး ဒီလိုအမှားအယွင်းတွေ သိရဲ့နဲ့ မကောင်းတဲ့စိတ်နဲ့ မလုပ်နိုင်အောင် ဥပဒေမှာတားမြစ်ထားတဲ့အချက် လုံးဝမပါရှိတာဟာဖြင့် တိုင်းပြည်အတွက် အင်မတန်မှ အရေးကြီးပါတယ်။

ဒါကြောင့်မို့လို့ ပုဒ်မ ၄၂ ရဲ့နောက်မှာ ပုဒ်မ ၄၃ အဖြစ် မည်သူမဆို အမျိုးသားစာရင်းအင်းစနစ်ရှိ အချက်အလက်များနှင့် မှတ်တမ်းများကို မှန်ကန်ခြင်းမရှိမှန်း သိလျက်နဲ့သော်လည်းကောင်း၊ ယုံကြည်ရန်အကြောင်းရှိလျက်နဲ့သော်လည်းကောင်း၊ မရိုးမဖြောင့်သောသဘောဖြင့် ဖြည့်သွင်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ ဖော်ပြခြင်း၊ တင်ပြခြင်း၊ အသုံးပြုခြင်း၊ ကြေညာခြင်းတို့ မပြုရဆိုတဲ့ တားမြစ်ချက်ဖြည့်သွင်းဖို့ ပုဒ်မတစ်ခုလိုအပ်သလို အဲဒီဟာကို ကျူးလွန်တဲ့သူကိုလည်း မည်သူမဆို ပုဒ်မ ၄၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်လျှင် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလို့ရှိရင် ထိုသူကို ကျွန်တော်တို့ အနည်းဆုံး ထောင်ဒဏ်(၆)လမှ အများဆုံး ထောင်ဒဏ်(၁၀)နှစ်အထိ ချမှတ်ရမယ်ဆိုတဲ့ အပြင် ငွေဒဏ်လည်း ချမှတ်နိုင်တယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မျိုး လိုအပ်ပါတယ်။

နောက်တစ်ခုက ကျွန်တော့်အနေနဲ့ ပုဒ်မ ၄၄ နဲ့ ပုဒ်မ ၄၅ မှာပါတဲ့ ကျွန်တော်တို့ ပုဒ်မ ၄၄ မှာ (၁၀)သိန်းထက်မပိုသောဒဏ်ငွေ ချမှတ်ရမယ်လို့ ဖော်ပြပြီးတော့ ကျွန်တော်တို့ ပုဒ်မ ၄၅ မှာ (၁၀)သိန်းထက်မပိုတဲ့ဒဏ်ငွေ ချမှတ်ရမယ်။ စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီတွေဆို သိန်း(၁၀၀)ထက် မပိုတဲ့ဒဏ်ငွေ ချမှတ်ရမယ်လို့ ဖော်ပြထားပါတယ်။ အဲဒါဆိုရင် ဒဏ်ငွေမဆောင်ရင် ဘာဖြစ်မလဲ။ ဒဏ်ငွေမဆောင်ရင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၆၇ အရ ကျွန်တော်တို့ ငွေဒဏ်(၅၀၀၀)ထက်မပိုရင်၊ (၂)လထက်မပိုတဲ့ထောင်ဒဏ်၊ ငွေဒဏ်(၁၀၀၀၀)ထက်မပိုရင် (၄)လထက်မပိုတဲ့ထောင်ဒဏ်၊ ငွေဒဏ် (၁၀၀၀၀)ထက်ပိုရင် (၆)လထက်မပိုတဲ့ထောင်ဒဏ် ချမှတ်ရမယ်လို့ ဥပဒေအရပြောနိုင်မှာ ဖြစ် ပါတယ်။

ဒါဆိုရင် (၂)ချက် ကျွန်တော် တင်ပြလိုပါတယ်။ ပိုက်ဆံတွေဟာ အမြဲတမ်းပဲ နှစ်တိုင်း ကျုံ့ကျုံ့၊ ကျုံ့ကျုံ့သွားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ မူပိုင်ခွင့်ဥပဒေမှာ ဒဏ်ငွေ(၅၀)တို့ အများဆုံး (၅၀၀)ထက်ပိုပြီးတော့ မချရဆိုတဲ့ ဥပဒေတွေမှာပါတဲ့ငွေတွေဟာ ကျုံ့သွား တဲ့အတွက် ဒီနေ့ အဲဒီဥပဒေတွေဟာ ဘယ်သူမှ မသုံးတော့ပါဘူး။ ဒါကြောင့်မို့လို့ ငွေဒဏ်ပဲ သတ်သတ်ချတာသည် မလုံခြုံပါဘူး။ အဲဒီအပြင် ဒီ ပုဒ်မ ၄၅ မှာကိုက (၁၀)သိန်းမဆောင်ရင်လည်း ထောင်(၆)လပဲ။ သိန်း(၁၀၀)မဆောင်ရင်လည်း ထောင်(၆)လပဲ။ ဒါလည်း တရားမျှတမှုမရှိတဲ့အနေ အထားပါ။ ဒါကြောင့်မို့လို့ ပုဒ်မ ၄၄ နဲ့ ၄၅ မှာ ကျွန်တော်တို့ (၁၀)သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ (၁)နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမယ်လို့ ကျွန်တော်တို့ ပြင်ဆင်သင့်ပါတယ်။ ဒီအတိုင်းပဲ ပုဒ်မ ၄၅ မှာလည်း (၁၀)သိန်းထက်မပိုတဲ့ငွေဒဏ်ဖြစ်စေ၊ (၁)နှစ်ထက်မပိုတဲ့ထောင်ဒဏ်ဖြစ်စေ ချမှတ် ရမယ်။ သိန်း(၁၀၀)ထက်မပိုတဲ့ ငွေဒဏ်ဖြစ်စေ၊ ကျွန်တော်တို့ (၃)နှစ်ထက်မပိုတဲ့ ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမယ်လို့ ပြင်ဆင် ဖြည့်စွက်သင့်ပါကြောင်း ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်တို့ လေးစားစွာ ဆွေးနွေး တင်ပြ အကြံပြုအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးဦး ရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နား ပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ မတ်လ ၇ ရက် (အင်္ဂါနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြီးဆုံးပြီးနောက် နေ့လယ်စာ သုံးဆောင်ပြီးပါက အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်မှာ ကျင်းပပြုလုပ်မယ့် အမျိုးသမီးများအပေါ် နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ် စီဒေါဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီဆွေးနွေးပွဲအပြီးမှာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ပညာရေးနဲ့သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် ဆွေးနွေးတင်ပြခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်မှာဖြစ်တဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်နိုင်ပါရန် အသိပေး တင်ပြအပ်ပါတယ်ခင်ဗျား။ အစီအစဉ် (၂)ခုလုံးမှာ ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံသွားမှာဖြစ်တဲ့အကြောင်းကိုလည်း တင်ပြပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]